**CHINLAND DEFENSE FORCE**

**MATUPI**

---

## သတင်းထုတ်ပြန်ချက်

သတင်းထုတ်ပြန်ချက်အမှတ် (၀၁/၂၀၂၂)

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့** မှ စတင်ကာ မတူပီ-ဟားခါး လမ်းမပေါ် ဘယ်ဖက်လမ်းရှိ ကီလူန်းရွာနှင့် လုံလျော် ရွာကြားတွင် အကြမ်းဖက် စစ်ကောင်စီတပ်နှင့် မိမိတို့ CDF(Matupi) တပ်ဖွဲ့ဝင်များကြား တိုက်ပွဲပြင်းထန်ခဲ့ပါသည်။

တိုက်ပွဲပြင်းထန်နေသည့် နေရာနဲ့ နီးစပ်သည့် ကျေးရွာများသို့ စကစ တပ်ဖွဲ့များမှ အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်ရာတွင် ၆/၁/၂၀၂၂ ရက်နေ့ နေ့လည်ပိုင်းတွင် ကီလူန်းရွာမှ လုံလျော်ရွာသို့ ခရီးသွားနေသော ပြည်သူ (၈) ဦး ကို လည်းကောင်း ညနေပိုင်းတွင် ကစဲရွာ မှ ကီလူန်းရွာသို့ ဓာတ်ဆီဝယ်ယူရန်သွားသူ ပြည်သူ (၁)ဦး နှင့် ၇/၁/၂၀၂၂ ရက်နေ့တွင် ဘွေထီးယားရွာ မှ ကစဲရွာသို့ ခရီးသွားနေသော ပြည်သူ(၂)ဦး တို့ကို အကြမ်းဖက် ဖမ်းဆီးခေါ်ဆောင်သွားပါသည်။

ထို့နောက်စစ်မြေပြင်အတွင်း လမ်းပြနှင့် လူသားဒိုင်းအဖြင့် အသုံးပြုကာ ပြည်သူ (၁၀)ဦးကို ရက်ရက်စက်စက်သတ်ပစ်၍ အလောင်းများကို လူသားမဆန်စွာ စွန့်ပစ်ထားခဲ့ကြပါသည်။ ထို့ကြောင့် မိမိတို့ CDF-(Matupi)အနေဖြင့် စစ်မြေပြင်မှာ အသတ်ခံရသော အပြစ်မဲ့အရပ်သားပြည်သူများအပေါ် ဝမ်းနည်းကြေကွဲကြောင်းနှင့် အကြမ်းဖက် စစ်ကောင်စီတပ်ကျဆုံးသည့်အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကျဆုံးပြည်သူများကို တိုင်တည်ပြီး ကတိပြုပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန် -

၀၉ ၄၅၃၂၁၂၁၂၇